- ထိုနောက် စက်ဝိုင်း၂ ဝိုင်းလုံးမှ ကလေးများကို နောက်ပြန်လှည့်စေပြီး အတွင်းစက်ဝိုင်းမှ ကလေးက အပြင်စက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၃ ကိန်းကို လက်ဖြင့်ရေးပါစေ။

**၃ ကိန်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ဆရာက သင်ပုန်းပေါ်တွင် ၃ ကိန်းကိုရေးပြပြီး ကလေးတစ်ဦးစီ၏စာအုပ်တွင် ၃ ကိန်းတစ်လုံးစီကိုရေးပေးပါ။
- ကလေးများအားစာအုပ်ထဲတွင် ဆက်လက်ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မီးရထားကြီးကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"မီးရထားကြီး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

**"မီးရထားကြီး"**

[မီးရထားကြီးထွက်ခါနီးပြီ<br>
ထွက်လို့လာပြီတံခါးပိတ်ထား။<br>
(ဂျုံး)[၂] (ဂျက်)[၂]<br>
(ဂျုံး)[၂] (ဂျက်)[၂]<br>
ဝမ်းမြောက်စွာ]<br>[၂]။

- မီးရထားကြီးကဗျာကို ဆရာက အသံနေအသံထားဟန်အမူအရာတို့ဖြင့် ရွတ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူရွတ်ဆိုပါ။
- ကလေးအားလုံးရွတ်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ၊လ"ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ၊လ"ဗျည်း ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ၊ လ" ဗျည်းများ၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ၊လ"ဗျည်းများ အသံနှင့်အမည် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ၊လ"ဗျည်းများကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ၊လ"ဗျည်းများကို ကူးရေးခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်း ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ရွတ်ဆိုပြီးသောကဗျာများကို ကလေးများစိတ်ကြိုက်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ရွတ်ဆိုပြီးသော အင်္ဂလိပ်ကဗျာများမှ ကလေးများ ရွတ်ဆိုလိုသော ကဗျာများကို အမူအရာဖြင့် စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "P,Q,R,S,T "အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"P,Q,R,S,T "**အက္ခရာများကို ရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ယခင်အက္ခရာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကုန်း၊ရေ၊လေကြောင်းသွားယာဉ်များကို ခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ကုန်း၊ရေ၊လေကြောင်းသွားယာဉ်များကိုခွဲခြားခြင်း (၁၀ မိနစ်)**

- ဆရာက ပိုစတာပါယာဉ်အမည်များကိုတစ်ခုချင်းရွှတ်ပြ၍ လက်မထောင်၊ လက်မအောက်စိုက်ကစားနည်းဖြင့် ကစားပါ။
- ပိုစတာကိုပြပြီး ဆရာပြောတာ မှန်လျှင် လက်မထောင်၊ မှားလျှင် လက်မအောက်စိုက်ပါဟုပြောပါ။

(ဥပမာ။ ။ ကားကကုန်းကြောင်းခရီးဟုပြောလျှင် ကလေးများက လက်မထောင်ပြရပါမည်။

ကားကရေကြောင်းခရီးဟုပြောလျှင် ကလေးများက လက်မကိုအောက်စိုက် ပြရပါမည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၄ ထိကိန်းများကို မှန်ကန်စွာရေတွက်တတ်ရန်နှင့် ၄ ကိန်းကို ဖတ်တတ်ရန်နှင့် ရေးတတ်ရန်။

လုပ်ငန်းစဉ် ။ **။၁မှ ၄အထိ ကိန်းများကိုရေတွက်ခြင်း၊ဖတ်ခြင်း (၅ မိနစ်)**

- စာသင်ခန်းအတွင်းရှိခဲ့တဲ ၄ ချောင်းကို ဆရာက ယူ၍ ၁ ချောင်း၊ ၂ ချောင်း၊ . . . စသည့်ဖြင့် ၄ ချောင်းအထိရေတွက်ပြပြီး ကလေးများအား ပြန်လည်ရေတွက်ပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် ၄ကိန်းကိုရေးပြ၍ ၄ ဟုခေါ်ကြောင်းပြောပါ။ ကလေးများအား ၄ ဟုလိုက်ဆိုပါစေ။
- ၁ မှ ၄ ထိ ကိန်းကတ်ပြားများပြ၍ ဖတ်ပါစေ။

**၄ ကိန်းကို လေထဲတွင်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက ကျောခိုင်း၍ ၄ ကိန်းကို လေထဲတွင် ရေးပါ။
- ကလေးများအား လေထဲတွင် ၄ ကိန်းကိုရေးပါစေ။
- ကလေးများအား စက်ဝိုင်းပုံနှစ်ထပ်ရွေ့နောက်တန်းစီ၍ရပ်စေပြီး အပြင် စက်ဝိုင်း မှ ကလေးက အတွင်းစက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၄ ကိန်းကို လက်ဖြင့်ရေးပါစေ။
- ထိုနောက် စက်ဝိုင်း၂ ဝိုင်းလုံးမှ ကလေးများကို နောက်ပြန်လှည့်စေပြီး အတွင်း စက်ဝိုင်း မှ ကလေးက အပြင်စက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ကျောပေါ်တွင် ၄ကိန်း ကို လက်ဖြင့် ရေးပါစေ။

**၄ ကိန်းကိုကူးရေးခြင်း (၁၅ မိနစ်)**

- ဆရာက သင်ပုန်းပေါ်တွင် ၄ကိန်းကိုရေးပြပြီး ကလေးတစ်ဦးစီ၏စာအုပ်တွင် ၄ ကိန်း တစ်လုံးစီကိုရေးပေးပါ။
- ကလေးများအား မိမိတို့စာအုပ်ထဲတွင် ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ယာဉ်ပုံများကိုရေးဆွဲ၍ဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ယာဉ်ပုံရေးဆွဲ၍ဆေးခြယ်ခြင်း (မိနစ် ၁၀)**

- မိမိနှစ်သက်ရာယာဉ်ပုံကိုရေးဆွဲ၍ ဆေးခြယ်ပါစေ။

DBE BOX

တနင်္လာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ယ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ယ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ယ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ယ"ဗျည်း၏ အမည်သည် "ယပက်လက်" ဖြစ်သည်။

**"ယ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-ယမင်းရုပ်

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ယ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကို ပိုမိုမှတ်ပြီး ကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ယ"ဗျည်းကို ပုံဖော်ကစားနည်းဖြင့် ကစားခြင်း(၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်း ပုံဖော်ကစားနည်းအတိုင်း ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **နှစ်သက်ရာ ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ရွတ်ဆိုပြီးသော အင်္ဂလိပ်ကဗျာများမှ ကလေးများ ရွတ်ဆိုလိုသော ကဗျာများကို အမူအရာဖြင့် စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အလျားလိုက်မျဉ်း ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အလျားလိုက်မျဉ်း ရေးဆွဲခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင် ဘယ် မှ ညာသို့ အလျားလိုက်မျဉ်းအစက်များ (အကျဲ၊ အစိပ်) ကြိုတင်ရေးဆွဲထားပါ။
- ဆရာက သင်ပုန်းပေါ်ရှိ အစက်များကို ဘယ်မှညာသို့ ဆက်ဆွဲ၍ အလျားလိုက်မျဉ်းများရအောင်ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ အလျားလိုက်မျဉ်းအစက်များကို ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်ရှိယာဉ်များ၏ အသုံးဝင်ပုံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် (၁)။ ။ **မိမိတို့ခရီးသွားခဲ့သည့် ယာဉ်ပုံကို ဆွဲခြင်း(မိနစ် ၃၀)**

- ဆရာက ကလေးများအား မိမိတို့သွားချင်သည့်နေရာများကို ပြောစေ၍ ထိုနေရာသို့ မည်သည့်ယာဉ်ဖြင့်သွားမလဲဟုမေးပါ။ မိမိတို့သွားမည့် ယာဉ်၏ ပုံကိုဆွဲပါစေ။



DBEBox

လုပ်ငန်းစဉ်(၂)။ **။ခရီးသွားသည့်ပုံကို အမူအရာဖြင့် သရုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ခရီးသွားမည့်ယာဉ်တူသည့်ကလေးများကို တူရာစုစေ၍ အမူအရာဖြင့် ခရီးသွားသည့် ယာဉ်ပုံကို ပြုလုပ်ပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။မိမိစိတ်ကူးဖြင့် တည်ဆောက်ပုံဖော်တတ်ရန်။

လုပ်ငန်းစဉ်။ **။တည်ဆောက်ပုံဖော်ခြင်း (မိနစ် ၃၀)**

- KG Kit ပါပစ္စည်းများ(သစ်သားဘလောက်တုံး၊ ချိတ်ဆက်၊ ရောဘာ IQ Puzzle ) ကို အသုံးပြု၍ ကလေးများစိတ်ကူးဖြင့် ယာဉ်ပုံများတည်ဆောက်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို အမူအရာဖြင့် ပြောတတ်ရန်။

လုပ်ငန်းစဉ်။ **။ "ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကို ကလေးများက ပြောခြင်း(၁၅ မိနစ်)**

- "ဘယ်သွားမလို့လဲ ဂျာဘောက်"ပုံပြင်ကို ကလေးများမှတ်မိသလောက် ပြန်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ယ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ယ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ယ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**"ယ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ယ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ယ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"U"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။"U"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အလျားလိုက်မျဉ်း ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အလျားလိုက်မျဉ်း ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်နေ့ကအတိုင်း ရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်ရှိယာဉ်များ၏ အသုံးဝင်ပုံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ **။ပတ်ဝန်းကျင်ရှိယာဉ်များ၏ အသုံးဝင်ပုံကို မေးမြန်းဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား မိမိတို့ပတ်ဝန်းကျင်ရှိ ယာဉ်များသည် မည်သို့အသုံးဝင်ကြောင်း ဆွေးနွေးပါ။

  (ဥပမာ-ကားကို ဘယ်နေရာမှာ သုံးသလဲ၊ ခရီးသွားနိုင်ခြင်း၊ ပစ္စည်းများသယ်နိုင်ခြင်း၊ မြန်မြန်ရောက်ခြင်း) စသည့် အဖြေများရောက်သည်အထိမေးပါ။

DBEBox

- ဆရာက ကလေးအဖြေပေါ်မူတည်ပြီး ကားသည် အသုံးဝင်ကြောင်းရှင်းပြပါ။
(မိမိဒေသရှိယာဉ်များနှင့်အစားထိုး၍ ဆက်လက်မေးပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၅ ထိကိန်းများကို မှန်ကန်စွာရေတွက်တတ်ရန်၊ ဖတ်တတ်ရန်နှင့် ၅ကိန်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။**၁ မှ ၅ အထိကိန်းများကို ရေတွက်ခြင်း၊ ရွတ်ဖတ်ခြင်း (၅ မိနစ်)**

- စာသင်ခန်းတွင်းရှိစာအုပ် ၅ အုပ်ကို ဆရာကယူ၍ ၁အုပ်၊ ၂အုပ်၊ ၃အုပ် .....စသည်ဖြင့် ရေတွက်ပြပြီး ကလေးများအား ပြန်လည်ရေတွက်ပါစေ။
- စာသင်ခန်းထဲရှိ (ပြတင်းပေါက်၊ တံခါးပေါက်၊ သင်ပုန်း၊ ဆရာ့စားပွဲခုံ၊ ...)စသည့်တို့ကို ရေတွက်၍ပြောပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် ၅ ကိန်းကိုရေး၍ ၅ဟုခေါ်ကြောင်းပြောပါ။ ကလေးများအား ၅ ဟု လိုက်၍ဆိုပါစေ။
- ၁ မှ ၅ အထိ ကိန်းကတ်ပြားများသုံး၍ဖတ်ပါစေ။

**၅ ကိန်းကိုလေထဲတွင်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက ကျောခိုင်း၍ ၅ ကိန်းကို လေထဲတွင် ရေးပါ။
- ကလေးများအား လေထဲတွင် ၅ ကိန်းကိုရေးပါစေ။
- ကလေးများအား စက်ဝိုင်းပုံနှစ်ထပ် ရှေ့နောက်တန်းစီ၍ရပ်စေပြီး အပြင်စက်ဝိုင်းမှ ကလေးက အတွင်းစက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၅ ကိန်းကို လက်ဖြင့်ရေးပါစေ။
- ထိုနောက် စက်ဝိုင်း၂ ဝိုင်းလုံးမှ ကလေးများကို နောက်ပြန်လှည့်စေပြီး အတွင်းစက်ဝိုင်းမှကလေးက အပြင်စက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၅ ကိန်းကို လက်ဖြင့်ရေးပါစေ။

- **၅ ကိန်းကိုကူးရေးခြင်း (၁၅ မိနစ်)**
- ဆရာက သင်ပုန်းပေါ်တွင် ၅ ကိန်းကိုရေးပြပြီး ကလေးတစ်ဦးချင်းစီ၏စာအုပ်တွင် ၅ကိန်းတစ်လုံးစီကိုရေးပေးပါ။
- ကလေးများအား မိမိတို့စာအုပ်ထဲတွင် ၅ ကိန်းကို ကူးရေးပါစေ။
- ၁ မှ ၅ အထိ ပြန်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မီးရထားကြီးကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**" မီးရထားကြီး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- မီးရထား ကဗျာကို အသံနေအသံထားဟန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်း အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဟ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဟ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ဟ"ဗျည်း၏ အမည်သည် "ဟ" ဖြစ်သည်။

**"ဟ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-ဟ

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်းကို ပိုမိုမှတ်ပြီး ကစားတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်းကို ပုံဖော်ကစားနည်းဖြင့် ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်း ပုံဖော်ကစားနည်းအတိုင်း ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "U"အက္ခရာကို အမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"U"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ မျဉ်းစောင်း // ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **မျဉ်းစောင်း // ရေးဆွဲခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင် မျဉ်းစောင်းများ //(အကျဲ၊ အစိပ်) ကြိုတင်ရေးဆွဲထားပါ။
- ဆရာက သင်ပုန်းပေါ်ရှိ အစက်များကို အပေါ်မှ အောက်သို့၊ အောက်မှ အပေါ်သို့ ဆက်၍ မျဉ်းစောင်း // များရအောင် ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ မျဉ်းစောင်းအစက်များကို ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။လမ်းဖြတ်ကူးရာတွင် တွေ့ရမည့်အန္တရာယ်ကင်းရှင်းရေး သင်္ကေတများ၏အဓိပ္ပာယ်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ် (၁)။ **။မီးပွိုင့်လေး ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- မီးပွိုင့်လေးကဗျာ ရွတ်ဆိုပါစေ။

လုပ်ငန်းစဉ် (၂)။ **။ဝါ၊ စိမ်း၊ နီ သင်္ကေတကတ်ပြားများကိုကိုင်၍အမူအရာဖြင့်သရုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ဆရာက ဝါ ၊ စိမ်း ၊ နီ သင်္ကေတ ကတ်ပြား ၃ ခုကိုကြိုတင်ဆွဲ၍ဆေးရောင်ခြယ်ထားပါ။
- ကလေးများအား အမူအရာဖြင့် ကားမောင်းနေပါစေ။
- ဆရာက ဝါ၊ စိမ်း၊ နီ သင်္ကေတ ကတ်ပြားများပြ၍ကလေးများအား သင်္ကေတအတိုင်း သရုပ်ဆောင်ပါစေ။(ဥပမာ ဆရာက အနီရောင်ကတ်ပြားထောင်ပြလျှင် ကလေးများ ကားမောင်းနေရာမှ ရပ်ရမည်။)

DBE Box

- ဆရာက ကလေး(၃)ယောက်ကိုရွေး၍ ဝါ ၊စိမ်း၊ နီသင်္ကေတကတ်ပြားပေးပြီး အထက်ပါနည်းအတိုင်း ဆက်လက်ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ယာဉ်ပုံများဆွဲ၍ညှပ်တတ်ရန်။

လုပ်ငန်းစဉ် ။ **။ယာဉ်ပုံများဆွဲ၍ညှပ်ခြင်း (မိနစ် ၃၀)**

- ရောင်စုံစက္ကူများပေါ်တွင် နှစ်သက်ရာယာဉ်ပုံများဆွဲ၍ပုံကလေးများကိုညှပ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံငါးပါးကို အသုံးပြုပြီး မိမိစိတ်ကူးကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဘာတွေလဲကစားနည်း" ဖြင့် ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဟ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**"ဟ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဟ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဟ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "V" အက္ခရာ အမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"V"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မျဉ်းစောင်း \\ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ မျဉ်းစောင်း \\ ရေးဆွဲခြင်း (၁၅ မိနစ်)

- သင်ပုန်းပေါ်တွင် မျဉ်းစောင်းများ \\ (အကျဲ၊ အစိပ်) ကြိုတင်ရေးဆွဲထားပါ။
- ဆရာက သင်ပုန်းပေါ်ရှိ အစက်များကို အပေါ်မှ အောက်သို့၊ အောက်မှ အပေါ်သို့ ဆက်၍ မျဉ်းစောင်း \\ များရအောင် ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ မျဉ်းစောင်းအစက်များကို ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ယာဉ်များ၏အသံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ယာဉ်များ၏အသံကိုသိရှိခြင်း (မိနစ် ၃၀)**

- ခရီးသွားကြမယ်ကဗျာကို ရွတ်ဆိုပါစေ။

DRE BOX

- ဆရာက ကဗျာပါ ယာဥ်အမည်နှင့် ၎င်းယာဥ်၏အသံကိုပြောလျှင် ကလေးများက မှန်လျှင် လက်မထောင်ပြ၍ မှားလျှင် လက်မကိုအောက်စိုက်ပြရမည် ဖြစ်ကြောင်း ပြောပါ။

(ဥပမာ- စက်ဘီးလေးက (ကလင်)၂ အသံမြည်တယ်ဟုပြောလျှင် ကလေးများက လက်မထောင်ပြရပါမည်။)

- ဆက်လက်၍မိမိတို့ဒေသရှိ ယာဥ်များနှင့်၎င်းတို့၏အသံများကို အစားထိုး၍ အသုံးပြုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၆ အထိကိန်းများကို မှန်ကန်စွာရေတွက်တတ်ရန်နှင့် ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ပန်းကလေး(၁၀)ပွင့်" ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

**"ပန်းကလေး (၁၀) ပွင့်"**

ပန်း ၁ ပွင့်၊ ပန်း ၂ ပွင့်၊ ပန်း ၃ ပွင့် ပါ

ပန်း ၄ ပွင့်၊ ပန်း ၅ ပွင့်၊ ပန်း ၆ ပွင့် ပါ

ပန်း ၇ ပွင့်၊ ပန်း ၈ ပွင့်၊ ပန်း ၉ ပွင့် ပါ

ပန်းကလေး (၁၀) ပွင့်ပါ။

- ပန်းကလေး (၁၀) ပွင့်ကဗျာကို ဆရာက အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် နမူနာဆိုပြပါ။
- ဆရာက တိုင်ပေးပြီး ကလေးများအားလုံးလိုက်ဆိုပါစေ။
- ဆရာက အမူအရာဖြင့်ဆိုပြ၍ကလေးများအားလုံး ဆရာနှင့်အတူ အမူအရာဖြင့် သီဆိုပါစေ။
- ကလေးများအားလုံး အမူအရာဖြင့် သီဆိုပါစေ။

**၁ မှ ၆ အထိကိန်းများ ရေတွက်ခြင်း၊ ဖတ်ခြင်း (မိနစ် ၂၀)**

- စာသင်ခန်းအတွင်းရှိ ကလေး(၆)ယောက်ကို အတန်းရှေ့သို့ ထွက်လာပါစေ။
- ကလေးတစ်ယောက်ချင်းစီကို ၁ ယောက် ၊ ၂ ယောက်၊ ၃ ယောက် ----၊ ၆ ယောက်ထိ ဆရာက ရေတွက်ပြပြီး ကျန်ထိုင်နေသော ကလေးများက ၁ ယောက် မှ ၆ ယောက်ထိ ပြန်လည်ရေတွက်ပါစေ။(ကလေးများအလှည့်ကျ ပြုလုပ်ပါစေ။)
- ဆရာက သင်ပုန်းပေါ်တွင် ၆ ကိန်းကိုပြ၍ ၆ဟုခေါ်ကြောင်း ပြောပါ။
- ကလေးများအား ၆ ဟုလိုက်ဆိုပါစေ။
- ၁ မှ ၆ အထိ ကိန်းကတ်ပြားများသုံး၍ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မီးပွိုင့်လေးကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မီးပွိုင့်လေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- မီးပွိုင့်လေး ကဗျာကို ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးကို ရွတ်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများ၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ၊လ၊ယ၊ဟ"ဗျည်းများ၏ အသံနှင့် အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"သ၊လ၊ယ၊ဟ"ဗျည်းများကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းများ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။သင်ခဲ့ပြီးသော ဗျည်းတို့ကို ဆရာက ကျပန်းထောက်၍မေးခြင်း(၁၅ မိနစ်)**

- ဆရာကသင်ထားပြီးသော ဗျည်းများကို ကားချပ်၊ သို့မဟုတ် သင်ပုန်းပေါ်တွင် ကြိုတင်ရေးထားပါ။
- ကလေးများကို အတန်းအလိုက် ဗျည်းများ၏အသံ၊ အမည်များရွတ်ဆိုပါစေ။
- ကလေးများအား အုပ်စု(၂)စုဖွဲ့ပါ။
- သင်ထားပြီးသော ဗျည်းများထဲမှ တစ်လုံးကို ဆရာက ကျပန်းခေါ်ပါ။
- အုပ်စုတစ်စုစီမှ ကလေးတစ်ဦးစီက အတန်းရှေ့သို့ထွက်ပြီး ထောက်ပြပါစေ။
- အရင်ရောက်ပြီး မှန်အောင်ထောက်ပြနိုင်သော အဖွဲ့အား (၁)မှတ်ပေးပါ။
- ဤနည်းအတိုင်း ဆက်၍ပြုလုပ်ပါ။
- ပြီးလျှင် အမှတ်များကို ပေါင်းပါ။
- အများဆုံးရသော အဖွဲ့ကို ကလေးများအားပြောပြီး လက်ခုပ်တီးချီးကျူးအားပေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ **။"သ၊လ၊ယ၊ဟ"ဗျည်းတို့ကို ဆရာခေါ်ပေးသည့်အတိုင်းဝိုင်းစေခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့်အတိုင်း ဆက်လက်ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "V" အက္ခရာ အမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "V" **အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- **ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။**

အသေးစိတ်သင်ယူမှုရလဒ်။ ။"Q to V"အက္ခရာများကို အစီအစဉ်တကျ စီစဉ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ "Q to V"**အက္ခရာများကို အစီအစဉ်တကျစီခြင်း (၁၅ မိနစ်)**

- ကလေးများအား "Q မှV"ထိ တစ်လုံးစီရေးထားသော အက္ခရာကတ်ပြားများကို ဝေပေးပါ။
- ကလေးတစ်ဦးစီမှ မိမိတို့ရရှိထားသော ကတ်ကို အတန်းသို့ထောင်ပြပြီး ၎င်းအက္ခရာ၏ အမည်ကို ပြောပါစေ။
- ကလေး (၆)ဦးအား အတန်းရှေ့သို့ထွက်စေပြီး စားပွဲပေါ်ရှိ "Q မှ V"ထိ တစ်လုံးစီရေးထားသော အက္ခရာကတ်ပြားများမှ တစ်ခုစီ ကောက်ယူပါစေ။
- ကလေးများအား မိမိတို့ ရရှိထားသော အက္ခရာများကို အစဉ်လိုက်ဖြစ်အောင် စီစဉ်၍ ရပ်ပါစေ။
- ကျန်ကလေးများကိုလည်း ဤနည်းအတိုင်းဆက်၍ ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၆ ကိန်းကို ကူးရေးတတ်ရန်နှင့် ၁ မှ ၆ အထိကိန်းများကို အစဉ်လိုက်နှင့် နောက်ပြန်ရေတွက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**၆ ကိန်းကို ရေးခြင်း (မိနစ် ၂၀)**

- ဆရာက ကျောခိုင်း၍ ၆ ကိန်းကိုလေထဲတွင် ရေးပါ။
- ကလေးများအားလေထဲတွင် ၆ ကိန်းကိုရေးပါစေ။
- ကလေးများအား စက်ဝိုင်းပုံနှစ်ထပ်ရွေ့နောက်တန်းစီ၍ရပ်စေပြီးအပြင် စက်ဝိုင်းမှ ကလေးက အတွင်းစက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၆ ကိန်းကို လက်ဖြင့် ရေးပါစေ။
- ထိုနောက် စက်ဝိုင်း၂ ဝိုင်းလုံးမှ ကလေးများကို နောက်ပြန်လှည့်စေပြီး အတွင်း စက်ဝိုင်းမှ ကလေးက အပြင်စက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၆ ကိန်းကို လက်ဖြင့်ရေးပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် ၆ ကိန်းကိုရေးပြပြီး ကလေးတစ်ဦးစီ၏စာအုပ်တွင် ၆ ကိန်းတစ်လုံးစီရေးပေးပါ။
- ကလေးများအား မိမိတို့စာအုပ်ထဲတွင် ဆက်လက်၍ကူးရေးပါစေ။
- **၁ မှ ၆ အထိကိန်းများကိုအစဉ်လိုက်ရေတွက်ခြင်း၊နောက်ပြန်ရေတွက်ခြင်း (၁၀ မိနစ်)**
- ၁ မှ ၆ အထိကိန်းများကို သင်ပုန်းပေါ်တွင် ဆရာကရေးထားပါ။
- ကလေးများအား ၁ မှ ၆ ထိအစဉ်လိုက်ရွတ်ဆိုခြင်းနှင့် နောက်ပြန်ရွတ်ဆိုခြင်းတို့ကို ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။**မိမိတို့သွားခဲ့ဖူးသောခရီးများကိုပြောပြတတ်ရန်**

လုပ်ငန်းစဉ် ။ ။**ကလေးများအားမိမိတို့သွားခဲ့ဖူးသော ခရီးစဉ်များပြောခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိတို့သွားခဲ့ဖူးသောခရီးများကိုပြောပါစေ။
- ဘယ်နေရာကိုသွားဖူးသလဲ။(တောကို၊ ဘုရားကို၊ တိရစ္ဆာန်ရုံကို၊ . . . . )
- ဘယ်သူတွေနဲ့သွားတာလဲ။ (ဖေဖေ ၊ မေမေ ၊ ဘွားဘွား၊ ------)
- ဘာနဲ့သွားတာလဲ။ ( ခြေလျင် ၊ ကား ၊ ရထား ၊ သင်္ဘော၊ ------)

အသေးစိတ်သင်ယူမှုရလဒ်။ ။စက္ကူဖြင့် လေယာဉ်ပျံပုံခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**စက္ကူဖြင့် လေယာဉ်ပျံပုံခေါက်ခြင်း (မိနစ် ၃၀)**

- ကလေးများအား စက္ကူဖြင့် လေယာဉ်ပျံပုံခေါက်ပါစေ။
- ဆရာက နမူနာခေါက်ပြပါ။
- ကလေးအားလုံး လိုက်ခေါက်ပါစေ။

DREBOX